# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ၁၀ နှစ်တာခရီး



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ၁၀ နှစ်တာခရီး

# ၂၀၁၁ - ၂၀၂၁

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥယျောဇဉ် | – |
| ၂ | နိဒါန်း | ၁ |
| ၃ | အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ သဘော သဘာဝ | ၂ |
| ၄ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပေါ်ပေါက်လာပုံ | ၅ |
| ၅ | ကော်မရှင်လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း | ၆ |
| ၆ | ကော်မရှင်ရုံး စတင်ဖွင့်လှစ်ခြင်း | ၇ |
| ၇ | ကော်မရှင်ဥပဒေနှင့် ကော်မရှင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၈ |
| ၈ | ကော်မရှင်၏ မျှော်မှန်းချက် | ၁၀ |
| ၉ | ကော်မရှင်၏ ရည်ရွယ်ချက် | ၁၀ |
| ၁၀ | ကော်မရှင်၏ ရည်မှန်းချက် | ၁၀ |
| ၁၁ | ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၁ |
| ၁၂ | ကော်မရှင်ဥက္ကဋ္ဌ တာဝန် ဆောင်ရွက်ခဲ့သူများ | ၁၄ |
| ၁၃ | ကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန်ဆောင်ရွက်ခဲ့သူများ | ၁၅ |
| ၁၄ | ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ | ၁၆ |
| ၁၅ | ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆ | ၂၀၂၀ ပြည့်နှစ်မှ လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင် အဖွဲ့ဝင်များ | ၂၀ |
| ၁၇ | ကော်မရှင်ရုံး အကြီးအမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ | ၂၁ |
| ၁၈ | ကော်မရှင်ရုံး ဖွဲ့စည်းပုံ | ၂၂ |
| ၁၉ | နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း | ၂၃ |
| ၂၀ | အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRIs) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၂၄ |
| ၂၁ | ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုခံယူခြင်း | ၂၅ |
| ၂၂ | ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀–၂၀၂၄) ရေးဆွဲရေး လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း | ၂၇ |
| ၂၃ | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပခြင်း | ၂၉ |
| ၂၄ | ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ | ၃၂ |
| ၂၅ | ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ | ၃၅ |
| ၂၆ | နိဂုံး | ၃၆ |
| ၂၇ | နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များ “နောက်ဆက်တွဲ (က)” | ၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈ | နှစ်အလိုက် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်မှုများ "နောက်ဆက်တွဲ (ခ)" | ၅၆ |
| ၂၉ | နှစ်အလိုက် အကျဉ်းထောင်/ အကျဉ်းစခန်း များ ကြည့်ရှုစစ်ဆေးခြင်း "နောက်ဆက်တွဲ (ဂ)" | ၅၉ |
| ၃၀ | နှစ်အလိုက် ကွင်းဆင်း စုံစမ်းစစ်ဆေးခြင်း "နောက်ဆက်တွဲ (ဃ)" | ၆၀ |
| ၃၁ | နှစ်အလိုက် ဥပဒေရေးရာ ဆောင်ရွက်ချက် များ "နောက်ဆက်တွဲ (င)" | ၆၁ |
| ၃၂ | နှစ်အလိုက် သွားရောက်ခဲ့သော ပြည်ပခရီးစဉ် "နောက်ဆက်တွဲ (စ)" | ၇၂ |
| ၃၃ | မှတ်တမ်းဓာတ်ပုံများ | - |
| ၃၄ | ကိုးကားချက်များ | - |

## ဥက္ကဋ္ဌ၏အမှာစာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရအဆက်ဆက်တို့သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် ယန္တရားများကို ဖွဲ့စည်းဆောင်ရွက်ရသကဲ့သို့ ထိုယန္တရားများ ကောင်းမွန်မျှတစွာ တည့်မတ်စွာလည်ပတ်စေရန် ကော်မတီ၊ ကော်မရှင်အမျိုးမျိုးတို့ကို ဖွဲ့စည်းတည်ထောင် ဆောင်ရွက်စေခဲ့ပါသည်။ နိုင်ငံတကာနယ်ပယ်တွင်လည်း ဆောင်ရွက်လိုသည့် ကိစ္စတစ်ရပ်ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်စေရေးအလို့ငှာ အလားတူအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်လေ့ရှိသည်မှာ လုပ်နေကျ လုပ်နည်းလုပ်ဟန်တစ်ခု ဖြစ်ပါသည်။

ယင်းကဲ့သို့ ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များ၏ လုပ်ပိုင်ခွင့်များသည် အဆင့်နှင့် ရည်ရွယ်ချက်အပေါ် မူတည်ကာ ကွဲပြားခြားနားမှုရှိကြပါသည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာအားဖြင့် National Human Rights Institutions (NHRIs) ဟု သိကြသည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများသည်ကား မည်သည့်နိုင်ငံတွင်ဖြစ်စေ၊ မည်သည့်နိုင်ငံရေးစနစ်အတွင်းဖြစ်စေ ဖွဲ့စည်းပါက ကမ္ဘာက တစ်ညီတစ်ညွတ်တည်း လက်ခံထားသည့် Paris Principles ခေါ် အခြေခံမူများနှင့်အညီသာ ဖွဲ့စည်းခြင်းပြုရသဖြင့် ၎င်းတို့၏ ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့် လုပ်ပိုင်ခွင့်များသည် ထူးခြားစွာ ကွဲပြားခြားနားမှုမရှိပဲ အများအားဖြင့် ဆင်တူယိုးမှား ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ လူ့အခွင့်အရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသော သူများမှလွဲ၍ သာမန်လူတို့သည် ဤ NHRIs ခေါ် လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် လုပ်ငန်း တာဝန်များ

ကို ဂဃနဏ မသိကြသည်က များပါသည်။ အချို့က ဤလူ့အခွင့်အရေး ကော်မရှင်များကို အစိုးရ ပြင်ပအဖွဲ့အစည်းများ (Non–Governmental Organizations) နှင့် အတူတူပဲဟူ၍လည်းကောင်း၊ အစိုးရက ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဟူ၍လည်းကောင်း ထင်မှတ်နေကြပါသည်။

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့သည် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် တည်ထောင်ထားပြီး Paris Principles တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်တာဝန်များနှင့် လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်ခွင့်ရထားသော အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ အဓိကရည်ရွယ်ချက်မှာ နိုင်ငံအတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပါရီ အခြေခံမူများအပေါ်အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို စနစ်တကျနှင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နိုင်ရန် အလို့ငှာ လူ့အခွင့်အရေး ကော်မရှင်ဆိုင်ရာ ဥပဒေတစ်ရပ်ကို ရေးဆွဲပြုစုပြီး လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူခဲ့ရာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၁) ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် လူ့အခွင့်အရေးကို တန်ဖိုးထားသည့်နိုင်ငံအဖြစ် ဖော်ဆောင်ရာရောက်သော အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သက်တမ်းမှာ ယခုဆိုလျှင် ၁၀ နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။ ဤဆယ်စုနှစ်အတွင်း ကော်မရှင်သည် နိုင်ငံတော်အတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများကို အတိုင်းအတာတစ်ရပ်အထိ ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်မှုများ ရှိနေပြီဖြစ်ပါသည်။ ဖြတ်သန်းခဲ့သော ၁၀ နှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကိုလည်း အများအပြား ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်စေကာမူ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သက်တမ်းမှာ အခြားသော နိုင်ငံတော်အဖွဲ့အစည်း၊ ယန္တရားများကဲ့သို့ သက်တမ်းရင့်ကျက်မှု မရှိသေးသည့်အတွက် အဖွဲ့အစည်းများ၏ ထူးခြားမှု၊ လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့် ၎င်းတို့၏ သီးသန့်လုပ်ပိုင်ခွင့်တို့ကို သေချာစွာသိရှိသူမှာ နည်းပါးနေပါသေးသည်။ ထိုအချက်ကို ဖြည့်ဆည်းနိုင်ရန် အကျိုးအလို့ငှာလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၁၀ နှစ်ခရီးကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း ဤစာအုပ်ငယ်ကို ပြုစုရေးသား ဖြန့်ဝေလိုက်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလိုက်ခြင်းဖြင့် နိုင်ငံရေးအယူအဆ သဘောထားများအပေါ်အခြေမခံပဲ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့သည် မည်သည့် နိုင်ငံတွင်မဆို ပါရီအခြေခံမူများ၏ ဘောင်အတွင်းမှ မိမိတို့နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရပ်တည်ဆောင်ရွက်ပေးကြရသော အဖွဲ့အစည်းများဖြစ်သည်ဟူသော

အသိအမြင်ကို ရရှိကြမည်ဆိုလျှင် ဤစာအုပ်ငယ်အား ပြုစုထုတ်ဝေရခြင်း၏ အကျိုးကျေးဇူးကို ရရှိသည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။

လှမြင့် (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

# နိဒါန်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ကော်မရှင်ဥပဒေအရ လွတ်လပ်သည့် နိုင်ငံတော် အဆင့် အဖွဲ့အစည်း ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ပေါ်ပေါက်ခဲ့သည့် လူ့အခွင့်အရေး ကော်မရှင်လည်း ဖြစ်ပါသည်။ ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်မှစပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၁ ခုနှစ်တွင် ၁၀ စုနှစ် ခရီးသမိုင်းကြောင်း ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါ ၁၀ စုနှစ် ကော်မရှင်ခရီးသမိုင်း လမ်းကြောင်းအတွင်း ကော်မရှင်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အဆင့်ဆင့်ကို မှတ်တမ်းတင်ထားရှိရန် အလို့ငှာ မြန်မာနိုင်ငံ အမျိုး သား လူ့အခွင့်အရေး ကော်မရှင် ၁၀ နှစ်တာခရီးစာအုပ်အား ပြုစု ထုတ်ဝေပါသည်။

## အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ သဘော သဘာဝ

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ National Human Rights Institutions – NHRIs သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံအသီးသီးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း သို့မဟုတ် ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာများဖြင့်လည်းကောင်း တည်ထောင်ထားရှိသော သီးခြား လွတ်လပ်သည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ ယင်းလူ့အခွင့်အရေး ကော်မရှင်/ အဖွဲ့အစည်းများသည် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အစိုးရ၏ သက်ရောက်မှု မပါရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်လေ့ ရှိကြသကဲ့သို့ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ Non–Governmental Organizations – NGOs နှင့်လည်း သဘောသဘာဝ တူညီခြင်းမရှိပါ။ သို့ရာတွင် လူ့အခွင့်အရေး ကိစ္စရပ်များအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အကြား ပေါင်းကူးတံတား တစ်ရပ်အဖြစ် ဆောင်ရွက်လေ့ရှိကြပါသည်။ လူ့အခွင့်အရေး ကော်မရှင် (NHRIs) များအနေဖြင့် ပြည်သူ တစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် နိုင်ငံတော်၏ တာဝန်ရှိမှုအကြား လိုအပ်နေသည့် ကွက်လပ်ကို ဖြည့်တင်း ပေါင်းကူးပေးရသည့် တာဝန်ကို အောက်ပါနည်းလမ်းများအရ ထမ်းဆောင်ကြပါသည်–

- နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများနှင့် အစိုးရ၏ လုပ်ဆောင်ချက်များကို လူ့အခွင့်အရေး ရှုထောင့်မှ စောင့်ကြည့် လေ့လာခြင်း၊

- အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လူ့အခွင့်အရေး ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ခြင်း၊
- လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများနှင့် စပ်လျဉ်းပြီး တိုင်ကြားစာများ လက်ခံခြင်း၊ ကြည့်ရှုစုံစမ်းခြင်းနှင့် တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊
- လူမှုအသိုက်အဝန်း ကဏ္ဍအားလုံးအတွက် လူ့အခွင့်အရေး အသိပညာ မြှင့်တင်ရန် ပညာပေးခြင်း အစီအစဉ်များ အပါအဝင် နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာ လူ့အခွင့်အရေး အသိုက်အဝန်းနှင့် ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်ပြီး လူ့အခွင့်အရေး ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အစိုးရကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အကြံပြုတိုက်တွန်းမှုများ ဆောင်ရွက်ခြင်း၊

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါရီအခြေခံမူများကို အနိမ့်ဆုံးစံအဖြစ် သတ်မှတ်တည်ထောင်ကြပါသည်။ ယင်းပါရီအခြေခံမူများ၏ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပိုင်ခွင့်၊
- လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်၊
- လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ဥပဒေအရ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားခြင်း၊
- လူမှုအသိုက်အဝန်းအသီးသီးကို ကိုယ်စားပြုသော အဖွဲ့ဝင်များ ပါဝင်ခြင်း၊

- လုံလောက်သော အရင်းအမြစ်များ ရရှိခြင်း၊
- လုံလောက်သော စုံစမ်းစစ်ဆေးရန် လုပ်ပိုင်ခွင့်ရှိခြင်း၊

ယနေ့ကမ္ဘာကြီးတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း တည်ထောင်ထားရှိသော နိုင်ငံပေါင်း ၁၁၈ နိုင်ငံရှိနေပြီး ယင်းတို့အနက် ၈၆ နိုင်ငံရှိ လူ့အခွင့်အရေး အဖွဲ့အစည်းမှာ ပါရီအခြေခံမူများနှင့် အကိုက်ညီဆုံးဖြစ်စွာ တည်ထောင်ထားရှိသည့်အတွက် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions-GANHRIs) မှ A status အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိသကဲ့သို့ ၃၂ နိုင်ငံရှိ လူ့အခွင့်အရေး အဖွဲ့အစည်းမှာ ပါရီအခြေခံမူများနှင့် ကိုက်ညီရန်လိုအပ်ချက်များ ရှိနေသေးသည့်အတွက် B status အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် B status အဖွဲ့အစည်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပေါ်ပေါက်လာပုံ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖြစ် မပေါ်ပေါက်မီ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မတီကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး၏ ၂၁-၄-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၁၄၂/နယက (ဥ) န၀တ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၆-၄-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၁၀၀၊ မလက (၁)/ ပထရ အရ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည့် ပုဂ္ဂိုလ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် စတင် ပေါ်ပေါက်လာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးသည် အလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ အဆိုပါ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရမည့် အဖွဲ့အစည်းများအနက် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးမည့် အဖွဲ့အစည်းသည် အရေးကြီးသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် မရှိမဖြစ် လိုအပ်ခြင်းကြောင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံ

အခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှု အာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်ဖြင့် ပါရီအခြေခံမူများနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/ ၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှု အာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော အစိုးရသစ် လက်ထက်တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများအား ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

## ကော်မရှင်လုပ်ငန်းများစတင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအား ယခင် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ရုံး၊ အမှတ် (၅၁) ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ကာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၂) ရက်နေ့မှ စတင်၍ ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က ကော်မရှင်ရုံးဝန်ထမ်းဟူ၍ သီးသန့်မရှိသေးဘဲ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အရာထမ်း (၁၁) ဦး၊ အမှုထမ်း (၁၁) ဦး၊ စုစုပေါင်း (၂၂) ဦးကို တွဲဖက်၍ ကော်မရှင်ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်ရုံးစတင်ဖွင့်လှစ်ခြင်း

၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၉) ရက်နေ့တွင် ယခု ကော်မရှင်ရုံး တည်ရှိရာ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ယင်းနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရုံးဖွင့်ပွဲ ပြုလုပ်ခဲ့ပါသည်။



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (ရုံးချုပ်)

## ကော်မရှင်ဥပဒေနှင့် ကော်မရှင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ သီးခြားပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အရ သော်လည်းကောင်း စတင်ဖွဲ့စည်းရန် ပါရီအခြေခံမူက ဆိုထားသည်ဖြစ်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းကို ၂၀၁၂ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပါသည်။ ဥပဒေမူကြမ်း ရေးဆွဲရာတွင် ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ အရပ်ဘက် အဖွဲ့အစည်းများအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာနှင့် ယှဉ်နိုင်သော ဥပဒေတစ်ရပ် ဖြစ်စေရန်အတွက် သက်ဆိုင်ရာ ပြည်ပအဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ အာရှ–ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Asia Pacific NHRIs Forum – APF) နှင့် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law တို့ထံမှလည်း အကြံဉာဏ်များရယူ၍ ရေးဆွဲခဲ့ပါသည်။ ယင်းကဲ့သို့ ရေးဆွဲခဲ့သည့် ဥပဒေကြမ်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ရာ ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၇၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ

ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ငွေကြေး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲပြီး လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများ ခန့်ထားခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်ခြင်းစသည့် ပြဋ္ဌာန်းချက်များအရ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းတစ်ရပ်၏ အခြေခံမူများကိုလည်း ထည့်သွင်း စဉ်းစား၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ် မတ်လတွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီး ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများ ဖိတ်ခေါ်၍ ကျွမ်းကျင်သူများ၏ အကြံပြုချက်အတိုင်း ကော်မရှင်၏ ဥပဒေနှင့်အညီ ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပါသည်။

## ကော်မရှင်၏ မျှော်မှန်းချက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် လူ့အခွင့်အရေးကို လူတိုင်း ရရှိခံစားနိုင်စေရန် ဖြစ်ပါသည်။

## ကော်မရှင်၏ ရည်ရွယ်ချက်

ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင်၏ ရည်မှန်းချက်

ကော်မရှင်၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်ရန်နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေး အခြေခံဖြင့် ပါဝင်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်း မြှင့်တင်ခြင်းနှင့် ခွဲခြားမှု ပုံသဏ္ဌာန် အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်း အားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှုရှိ၊ မရှိကိုစောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်း-

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့ မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်း ဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက် စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် သင့်လျော်သလို တိုင်ပင် ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) အပါအဝင် အခြား အမျိုးသား အဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့် အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ် တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်း ပေးပို့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည် ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတက သီးခြား ရည်ညွှန်း သော ကိစ္စရပ်များကို ပြန်လည် ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလို ထုတ် ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင် ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များ နှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြု ထောက်ခံ ချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့

တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

## ကော်မရှင်ဥက္ကဋ္ဌ တာဝန်ဆောင်ရွက်ခဲ့သူများ

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်း ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် ကော်မရှင် ဥက္ကဋ္ဌအဖြစ် အငြိမ်းစား သံအမတ်ကြီး ဦးဝင်းမြကတာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေအရ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့်ပြန်လည် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တွင် ကော်မရှင် ဥက္ကဋ္ဌအဖြစ် အငြိမ်းစား သံအမတ်ကြီးဦးဝင်းမြကပင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းသည့်ကော်မရှင်တွင် အငြိမ်းစားသံအမတ်ကြီး ဦးလှမြင့်က ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် ဖွဲ့စည်းသည့်အခါတွင်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဆက်လက်တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

## ကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန်ဆောင်ရွက်ခဲ့သူများ

ကော်မရှင် ဒုတိယဥက္ကဋ္ဌများအဖြစ် ကော်မရှင် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်အထိ အငြိမ်းစား သံအမတ်ကြီး ဦးကျော်တင့်ဆွေကလည်းကောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးစစ်မြိုင်က လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (အငြိမ်းစား) ဒေါက်တာနန္ဒာမွန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

## ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ

၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သဖြင့် အောက်ပါပုဂ္ဂိုလ်များက ကော်မရှင် အဖွဲ့ဝင် များအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးထွန်းအောင်ချိန် | အဖွဲ့ဝင် |
| (ဃ) | ဦးလှမြင့် | အဖွဲ့ဝင် |
| (င) | ဦးသန်းဆွေ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာဉာဏ်ဇော် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်သန်းနွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်စောခင်ကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ညို | အဖွဲ့ဝင် |
| (ည) | ဦးခွထီးရို | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်လေး | အဖွဲ့ဝင် |
| (ဌ) | ဦးလဖိုင်ဇော်ငွန်း | အဖွဲ့ဝင် |
| (ဍ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (ဎ) | ဒေါ်စန်းစန်း | အဖွဲ့ဝင် |
| (ဏ) | ဦးစစ်မြိုင် | အတွင်းရေးမှူး |



၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော
ကော်မရှင်အဖွဲ့ဝင်များ

## ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့အထိ အောက်ပါပုဂ္ဂိုလ်များက ကော်မရှင်အဖွဲ့ဝင်များအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| (ဃ) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (င) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမြင့်ကြည် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဉာဏ်ဇော် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဒေါ်သန်းနွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်လေး | အဖွဲ့ဝင် |
| (ည) | ဒေါ်မြမြ | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးဘုန်းမြင့် | အဖွဲ့ဝင် |



၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ
တာဝန်ထမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ

အဆိုပါ ကော်မရှင်အဖွဲ့ဝင်များအနက် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့နှင့် ဒေါ်မြမြတို့သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် မိမိသဘောဆန္ဒအလျောက် နုတ်ထွက်သွားခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်အမှတ် (၂၀/၂၀၁၈) ဖြင့် အောက်ပါပုဂ္ဂိုလ်များကို ကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်အပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးစိန်သန်း | အဖွဲ့ဝင် |
| (ခ) | ဦးညွန့်တင် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဒေါ်တင်မေထွန်း | အဖွဲ့ဝင် |

## ၂၀၂၀ ပြည့်နှစ်မှ လက်ရှိ အချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင် အဖွဲ့ဝင်များ

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးပါရှိသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့သဖြင့် ကော်မရှင် အဖွဲ့ဝင်များအဖြစ် တာဝန်ယူ ဆောင်ရွက် ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးလှမြင့် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာနန္ဒာမွန်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးပေါ်လွင်စိန် | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်စိုး | အဖွဲ့ဝင် |
| (င) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (စ) | ဒေါ်နုနုယဉ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးတင်အောင် | အဖွဲ့ဝင် |
| (ည) | ဒေါ်တင်ကြည်ဦး | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့် | အဖွဲ့ဝင် |



၂၀၂၀ ပြည့်နှစ်မှ လက်ရှိ အချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင် အဖွဲ့ဝင်များ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် အဆိုပါ အဖွဲ့ ကို တာဝန်ဝတ္တရားများ ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ ပါသည်။ အဆိုပါပုဂ္ဂိုလ်များအနက် ကော်မရှင်အဖွဲ့ဝင် ဒေါ်တင်ကြည်ဦး သည် ၂၅-၇-၂၀၂၁ ရက်နေ့တွင် တာဝန်ထမ်းဆောင်ဆဲ ကွယ်လွန် သွားခဲ့ပါသည်။

## ကော်မရှင်ရုံး အကြီးအမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး စတင် ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ အောက်ပါ ပုဂ္ဂိုလ်များက ရုံးအကြီးအမှူး အဖြစ် အသီးသီး တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်-

(က) ညွှန်ကြားရေးမှူး ဦးဦးကျော်ဖံ (တွဲဖက်ဝန်ထမ်း)- ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ အထိ၊

(ခ) ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် (တွဲဖက်ဝန်ထမ်း) – ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ၊

(ဂ) ညွှန်ကြားရေးမှူးဦးကျော်ကျော်–၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ၊

(ဃ) ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ် – ၂၀၁၅ ခုနှစ် မတ်လမှ ၂၀၁၇ ခုနှစ် မေလအထိ၊

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် – ၂၀၁၇ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ၊

(စ) ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် – ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ယနေ့အထိ၊

## ကော်မရှင်ရုံး ဖွဲ့စည်းပုံ

ကော်မရှင်ရုံး စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ပါ ဌာန (၅) ခုဖြင့် ဖွဲ့စည်းခဲ့ပါသည်။

(က) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန

(ခ) လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန

(ဂ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန

(င) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန

စတင်ဖွဲ့စည်းချိန်မှစပြီး ၁၀ နှစ် အကြာ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ပါ ဌာန (၆) ခုဖြင့် ဖွဲ့စည်းထားရှိပြီး ကော်မရှင်၏ တာဝန်ဝတ္တရားများကို

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန
(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန
(ဂ) ဥပဒေရေးရာဌာန
(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန
(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန
(စ) e-Government ဌာန

## နိုင်ငံတကာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရန် တာဝန်ရှိသည့် အားလျော်စွာ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum-SEANF) သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် လျှောက်ထားခဲ့ရာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပသော ဖိုရမ်၏ (၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကာလအတွင်း ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ (၆) ဖွဲ့မြောက် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အာရှဒေသခွဲ အဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ အဖွဲ့ဝင်ဖြစ်ပြီးနောက် ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်

အရေး အဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum – APF) ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရရှိရေးကို ဆက်လက်လှုပ်ရှား ဆောင်ရွက်ခဲ့ပါသည်။ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum – APF) ကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်ပေါင်း (၁၆) ဖွဲ့နှင့် တွဲဖက်အဖွဲ့ဝင်ပေါင်း (၉) ဖွဲ့ရှိသည်။ အဆိုပါ အာရှ-ပစိဖိတ်ဖိုရမ်၏ အဓိက ရည်မှန်းချက်မှာ ဖိုရမ် အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရာတွင် လက်တွေ့ပံ့ပိုးမှုပေးရေး၊ အစိုးရများနှင့် ပြည်သူ့အဖွဲ့အစည်းများအား အကြံဉာဏ်ပေးရေးတို့ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် အာရှ-ပစိဖိတ် ဖိုရမ်၏ တွဲဖက်အဖွဲ့ဝင် (Associate Member) ဖြစ်လာပါသည်။

## အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions – GANHRIs) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ မတ်လတွင် ကုလသမဂ္ဂက ကမကထပြုသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (International Coordinating Committee of National Institutions for the Promotion and Protection of Human Rights – ICC) သို့ အဆင့်သတ်မှတ်မှု ခံယူရန်နှင့် အဖွဲ့ဝင်အဖြစ် လက်ခံရန် လျှောက်ထားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

၁၆ ရက်နေ့တွင် နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီအောက်ရှိ အဆင့် သတ်မှတ်ရေး ဆပ်ကော်မတီက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို "ဘီ" အဆင့်အဖြစ် သတ်မှတ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပသော ဗျူရို အစည်းအဝေးက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (ICC) ၏ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါသည်။ အဆင့် သတ်မှတ်ရေး ဆပ်ကော်မတီ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား ဥပဒေဖြင့် ဖွဲ့စည်း တည်ထောင်မှုကို ကြိုဆိုပါကြောင်း၊ ကော်မရှင်အနေဖြင့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိသော်လည်း လူ့ အခွင့်အရေး မြှင့်တင်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက် နေမှုများအတွက် ချီးကျူးပါကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေး ကို လက်တွေ့ကျင့်သုံးရန် အဓိကကျသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ကို လူ့အခွင့်အရေး ပညာပေးရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်မှုအတွက် ချီးကျူးပါကြောင်း စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

## ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုခံယူခြင်း (Capacity Assessment)

ကော်မရှင်၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ဆောင် ရွက်ရန် အလို့ငှာ ကော်မရှင်၏ လက်ရှိ စွမ်းဆောင်ရည် ဆန်းစစ်မှုကို ပြုလုပ်ရန်အတွက် APF မှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း များ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် နယူးဇီလန် နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌဟောင်း Ms. Ross-lyn Joy Noonan သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ မှ ၁၉ ရက်နေ့အထိ အကြိုခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ လာရောက်

ခဲ့ပြီး ကော်မရှင်၏ စွမ်းဆောင်ရည်ကို ဆန်းစစ်မှုအတွက် လုပ်ငန်းစီမံချက်ကို ကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အာရှ-ပစိဖိတ်ဖိုရမ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့၏ ပံ့ပိုးမှုဖြင့် ကော်မရှင်၏ လက်ရှိ စွမ်းဆောင်ရည် ဆန်းစစ်မှုကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ ကော်မရှင်နှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် အဓိက ဆက်သွယ် ဆောင်ရွက်လျက်ရှိသော အစိုးရဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂) ရပ်မှ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အဆင့်မြင့် ပုဂ္ဂိုလ်များနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ် (ရန်ကုန်) နှင့် နေပြည်တော်၊ မန္တလေးမြို့တို့ရှိ ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကော်မရှင်၏ လက်ရှိ စွမ်းဆောင်ရည်နှင့် စပ်လျဉ်းသည့် ဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာ (Capacity Assessment Report) စတင်ဖြန့်ချီခြင်း" အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ Inya Lake ဟိုတယ်၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNDP မှ Deputy Country Director Ms. Dawn Del Rio နှင့် ဝန်ထမ်းများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ရေးဆွဲရေး လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုကို ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါ စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာပါ အကြံပြုချက်များတွင် ကော်မရှင်၏ မဟာဗျူဟာ စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်ရန် အကြံပြု တိုက်တွန်းချက်တစ်ရပ် ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (Strategic Plan) (၂၀၂၀-၂၀၂၄) မူကြမ်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ APF မှ ကျွမ်းကျင်သူများ ဖြစ်သည့် Ms. Rosslyn Joy Noonan နှင့် Ms. Thanuja Navaratne တို့သည် ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ၅ ရက်တာ တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအား ခြုံငုံသုံးသပ်ခြင်း၊ ဆန်းစစ်ခြင်း၊ အကြံပေး ညှိနှိုင်းဆွေးနွေးခြင်းနှင့် မဟာဗျူဟာ စီမံကိန်း (မူကြမ်း) စတင် ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) နှင့် စပ်လျဉ်း၍ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်မှ ကျွမ်းကျင်သူဖြစ်သည့် Ms. Mohottalatage Thanuja Dayadari Navartne သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အရပ်ဘက် အဖွဲ့အစည်းများနှင့် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။ ထို့နောက် Ms. Mohottalatage Thanuja Dayadari Navartne သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး

ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်တင်မေထွန်းနှင့် ဒုတိယ ညွှန်ကြား ရေးမှူး ဦးဇေယျာလင်းတို့ လိုက်ပါလျက် နေပြည်တော်သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ သွားရောက် ကာ ကော်မရှင်နှင့် အဓိက ထိတွေ့ဆက်သွယ် ဆောင်ရွက်လျက်ရှိ သည့် အစိုးရ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မဟာ ဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ရေးဆွဲရေးနှင့် စပ်လျဉ်း၍ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်မှ ကျွမ်းကျင် သူများဖြစ်သည့် Ms. Rosslyn Joy Noonan နှင့် Ms. Mohottalat-age Thanuja Dayadari Navartne တို့သည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ အရာထမ်းများနှင့် တွေ့ဆုံ ဆွေးနွေး၍ ကော်မရှင်၏ မဟာဗျူဟာ စီမံကိန်းကို အပြီးသတ် ရေးဆွဲ ပြီး ၂၀၂၀ ခုနှစ်အတွက် နှစ်စဉ် လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲခဲ့ ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စွမ်း ဆောင်ရည် မြှင့်တင်ရန်အတွက် အာရှ-ပစိဖိတ် အမျိုးသား လူ့ အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာ မင်းကြီးရုံး (OHCHR) တို့၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲ အတည်ပြုခဲ့သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၀-၂၀၂၄) နှင့် လုပ်ငန်းစီမံချက် (၂၀၂၀) တို့အား မိတ် ဆက်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် နေ့တွင် ရန်ကုန်မြို့၊ Inya Lake ဟိုတယ်၌ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့

ဝင်များ၊ UNDP၊ OHCHR နှင့် APF မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ သံရုံးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၆၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပခြင်း

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ( Universal Declaration of Human Rights – UDHR) ကို ကုလသမဂ္ဂမှ အတည်ပြုထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလ (၁၀) ရက်နေ့ကို လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ပြုလုပ်ကျင်းပလေ့ရှိသည့် အားလျော်စွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း နိုင်ငံတကာ အသိုက်အဝန်းနှင့်အတူ ဤအထိမ်းအမှတ် အခါသမယကို ၂၀၁၅ ခုနှစ်မှ စတင်ကာ ပါဝင် ဆင်နွှဲလျက်ရှိပါသည်။ ထိုသို့ဆင်နွှဲရာတွင် ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်၍လည်းကောင်း၊ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး ဝန်ထမ်းများ အပါအဝင် ပြည်သူများ လူ့အခွင့်အရေးအပေါ် စိတ်ဝင်စားမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်လျက် ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့်လည်းကောင်း လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၅ ခုနှစ်မှ စတင်ပြီး နှစ်စဉ် ကျင်းပလျက်ရှိရာတွင် –

(က) ၈-၁၂-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး

လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပါသည်။

(ခ) ၁၀-၁၂-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ပန်ဒါ ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ပါသည်။

(ဂ) ၉-၁၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပန်ဒါဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယို ပြသခဲ့ပါသည်။

(ဃ) ၁၀-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ (အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်)၊ ပန်းချီပြိုင်ပွဲ (အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပါသည်။

(င) ၁၀-၁၂-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေး ဗီဒီယိုမှတ်တမ်းတို ပြသခြင်း၊ "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် သရုပ်ဖော်အကဖြင့် တင်ဆက်ခြင်း၊

မဟာမိတ် မြန်မာ (Alliance Myanmar) တို့ ပူးပေါင်းကျင်းပသည့် ရုပ်ရှင် ဇာတ်လမ်းတို ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပါသည်။

(စ) ၁၀-၁၂-၂၀၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားအား Virtual Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး Good Neighbor International (GNI) တို့ ပူးပေါင်းစီစဉ် ရိုက်ကူးသည့် လူ့အခွင့်အရေး Animation အားပြသခြင်း၊ (၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများပေးအပ်ခြင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မဟာမိတ် မြန်မာ (Alliance Myanmar) တို့ ပူးပေါင်းကျင်းပသည့် ရုပ်ရှင်ဇာတ်လမ်းတို ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပါသည်။

(ဆ) ၁၀-၁၂-၂၀၂၁ ရက်နေ့တွင် ကျရောက်သည့် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားအား ကော်မရှင်ရုံးတွင် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံးဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ New Website Launching တို့ပြုလုပ်ခဲ့ပါသည်။

## ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရုံးချုပ်နှင့် ရုံးခွဲ (၃) ရုံးရှိပြီး ကော်မရှင်ရုံးချုပ်အား အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ကော်မရှင်ရုံးခွဲ (နေပြည်တော်) အား သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်လည်းကောင်း၊ ကော်မရှင်ရုံးခွဲ (မန္တလေး) အား ဦးပိုင်အမှတ် ၃၅ (က၊ ဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင်လည်းကောင်း၊ ကော်မရှင်ရုံးခွဲ (စစ်တွေ) အား ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်တွင်လည်းကောင်း ဖွင့်လှစ်ထားရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ကော်မရှင်ရုံးခွဲ (စစ်တွေ) အတွက် အမြဲတမ်းရုံး မြေနေရာရရှိရေးနှင့် အခြားအုပ်ချုပ်မှုကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကော်မရှင် ရုံးချုပ်တွင် ဝန်ထမ်း (၉၉) ဦးနှင့် ရုံးခွဲများတွင် (၁၂) ဦး စုစုပေါင်း ဝန်ထမ်း (၁၁၁) ဦးဖြင့် ကော်မရှင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
နေပြည်တော် (ရုံးခွဲ)



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
မန္တလေး (ရုံးခွဲ)



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရခိုင်ပြည်နယ် (ရုံးခွဲ)

## ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ

ကော်မရှင်အနေဖြင့် ကော်မရှင် စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်စဉ် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်လျက်ရှိရာတွင် ကော်မရှင်၏ ပထမဆုံး သတင်းထုတ်ပြန်ချက်အဖြစ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ (၆) ရက်နေ့တွင် ထုတ်ပြန်သည့် "တိုင်တန်းချက်များလက်ခံခြင်း" သတင်းထုတ်ပြန်ချက်သည် ပထမဆုံး သတင်းထုတ်ပြန်ချက်ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များမှာ -

(က) ၂၀၁၁ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၇) ခု
(ခ) ၂၀၁၂ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၈) ခု
(ဂ) ၂၀၁၃ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၄) ခု
(ဃ) ၂၀၁၄ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၆) ခု
(င) ၂၀၁၅ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၁၇) ခု
(စ) ၂၀၁၆ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၁၆) ခု
(ဆ) ၂၀၁၇ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၁၄) ခု
(ဇ) ၂၀၁၈ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၁၂) ခု
(ဈ) ၂၀၁၉ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၇) ခု
(ည) ၂၀၂၀ ပြည့်နှစ်တွင် သတင်းထုတ်ပြန်ချက် (၁၅) ခု
(ဋ) ၂၀၂၁ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် (၁၀) ခု

၂၀၁၁ ခုနှစ်မှစပြီး ၂၀၂၀ ပြည့်နှစ်အထိ စုစုပေါင်း သတင်းထုတ်ပြန်ချက် (၁၁၆) ခု ထုတ်ပြန်ခဲ့ပါသည်။

# နိဂုံး

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံသူနိုင်ငံသားများ၏ မူလ အခွင့်အရေးများ ခံစားခွင့်ရရှိရေး၊ အခြေခံလွတ်လပ်ခွင့်များကို သိရှိ နားလည် ကျင့်သုံးနိုင်ရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည့် နောက်ပိုင်းတွင်လည်း လုပ်ငန်း တာဝန်များကို ပိုမိုမြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး အသိပညာများ မြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့် ရှောက်ပေးခြင်း၊ လူ့အခွင့်အရေးစံနှုန်းနှင့် ကိုက်ညီသော ပြည်တွင်း ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး အကြံဉာဏ်များပေးခြင်း၊ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ပါဝင်လက်မှတ် ရေးထိုးနိုင်ရေးအတွက် အကြံဉာဏ်များပေးပို့ခြင်းတို့ကို ကော်မရှင် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင် ရွက်နေခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အဆင့်အတန်း တိုးတက်မြင့်မားလာပြီး လူ့အခွင့်အရေး စံနှုန်းမြင့်မားသော နိုင်ငံတစ် ခု ပေါ်ထွန်းလာမည်ဟု မျှော်မှန်းပါသည်။

နောက်ဆက်တွဲ (က)

## ကော်မရှင် စတင်ဖွဲ့စည်းသည်မှ စ၍ နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များ

၂၀၁၁ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တိုင်တန်းချက်များ လက်ခံခြင်း |
| ၂ | နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မေတ္တာရပ်ခံ တင်ပြသည့် အိတ်ဖွင့်ပေးစာ (၁၀-၁၀-၂၀၁၁) |
| ၃ | နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မေတ္တာရပ်ခံ တင်ပြသည့် အိတ်ဖွင့်ပေးစာ (၁၂-၁၁-၂၀၁၁) |
| ၄ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် |
| ၅ | နိုင်ငံတကာ လူ့အခွင့်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက် (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်) |
| ၆ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက် (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်) |
| ၇ | အင်းစိန် အကျဉ်းထောင်နှင့် လေ့လော့အင်း ရဲဘက်စခန်းတို့သို့ သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် |

## ၂၀၁၂ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်) |
| ၂ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်) |
| ၃ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၃/၂၀၁၂) |
